Attachment 1

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ချင်းရေးရာကောင်စီ

## အစည်းအဝေးမှတ်တမ်းများ

၁၉၄၉ ခုနှစ်။

ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပုံနှိပ်တိုက်

၁၉၅၁ ခု။

Attachment - 2

## မိတ်ဆက်စကား

ဟားခါးမြို့ရောက် ကျိမ်နွဲလူငယ်များ၏ တောင်းဆိုချက်ကို အကြောင်းပြုသည့်အနေဖြင့် ကျွန်ုပ်၏ကိုယ်ပိုင်စာကြည့်တိုက်တွင်ရှိသော ၁၉၄၉ ခုနှစ်၊ ချင်းရေးရာကောင်စီ၏ အစည်းအဝေးမှတ်တမ်းကို လုံးခေါ်ပတ်ခေါ်မိတ္တူကူးပြီးလျှင်ဖြန့်ဝေပါသည်။

၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ ချင်းရေးရာဝန်ကြီးဌာနဟု ရှိခဲ့ဘူးလေသည်။

ဤမှတ်တမ်းစာအုပ်တွင် သိမှတ်ဘွယ်ရာအကြောင်းမြောက်များစွာပါလေသည်။ အထူးသဖြင့် စာအုပ်၏စာမျက်နှာ ၁၄—၁၅ တို့တွင် တရုံးရောအခါ ရုံးပိတ် ရက်အတွက် ပြည်နယ်အတွင်း တစ်နှစ်လျှင် တစ်နိုင်ငံလုံးဆိုင်ရာရုံးနှင့် အလုပ်ရုံများ ပိတ်ရက်များအပြင် ရှစ်ရက် တိုးပိုင် အထူးခွင့်ရရှိဘူးကြောင်း တွေ့ရှိရပေသည်။ အထူးသဖြင့် ခွါဒိုပွဲကို နှစ်စဉ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၃ ရက်ဆက်တိုက်ခံစားခွင့်ရရှိခဲ့ရာမှ ၁၉၆၄ ခုနှစ်မှစ၍ သီတင်းကျွတ်ပွဲနှင့်တွဲပေး လိုက်ရခြင်းခံရသည်။ ခွါဒိုပွဲသည် တလင်းတက်ပွဲ (ဖိုးဂါသိကောက်ရိတ်သိမ်းပြီးပွဲ) ချင်းနှစ်သစ်ကူးပွဲဖြစ်လေရာ နောင်လာနောက်သားများအနေဖြင့် ယင်းသုံးရက်များအတိုင်း ပြန်လည်သတ်မှတ်လိုသောဆန္ဒ ရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

ဖတ်ရှုလေ့လာကြလျှက် ကောင်းစွာအသုံးပြုနိုင်ကြပါစေဟု မှာကြားအပ်ပါသည်။

ဦးကိမ်းအင်းမန်
မော်ကွန်းထုတ်ဖော်ပေးသူ

နေ့ စွဲ၊ ၁၁ — ၈ — ၂၀၀၇။
နေရာ၊ ဟားခါးမြို့။

Attachment - 3



[အစည်းအဝေးကို ညနေ ၃နာရီခွဲအချိန်တွင် ရုပ်သိမ်းလိုက်ပါကြောင်း။]

**လျင်ထုမ်း**

ချင်းရေးရာကောင်စီသဘာပတိ

-----------------------

**ချင်းရေးရာကောင်စီမှ ရွေးချယ်ထားသော ကော်မတီအဖွဲ့၏ ၁၉၄၉ ခုနှစ်၊ မတ်လ ၁၇ရက်နေ့နံနက် ၁၁ နာရီအချိန်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးမှတ်တမ်း**

အစည်းအဝေးကို ချင်းရေးရာကောင်စီ သဘာပတိရုံးခန်းတွင်ကျင်းပရာ အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ကြပါကြောင်း။

၁) ဦးဝမ်းသူးမောင်း၊ ချင်းရေးရာဝန်ကြီး။
၂) ဦးဆာဝစ်၊ လက်ထောက်အတွင်းဝန်၊ ချင်းရေးရာဝန်ကြီးဌာန။
၃) ကပ္ပတိန်မန်တုံးနုံး၊ ချင်းရေးရာပါလီမန်အတွင်းဝန်။
၄) ဦးလျင်ထုမ်း၊ သဘာပတိ၊ ချင်းရေးရာကောင်စီ။

၁။ ။အစည်းအဝေးစလျှင်စခြင်း ချင်းရေးရာဌာနမှ တင်ပြသော ချင်းဝိသေသတိုင်းတွင် ချင်းနှစ်သစ်ကူးနှင့်ပတ်သက်၍ ပွဲနေ့များကို ပြည်သူ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ တရားဌာနမှရရှိသော ၁၉၄၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့စွဲပါအမှာစာအမှတ်၊ ၂၈/ဂျေအက်(ဖ်) ၄၉(၁၁၅)ကို ဆွေးနွေးပြီးလျှင် အောက်ပါအတိုင်းအများသဘောတူဆုံးဖြတ်ပါကြောင်း။

(က) အောက်တိုဘာလ ၂၆ရက်နေ့မှ ၂၈ရက်နေ့အထိ ၃ရက်ကို (KumThar) ကွမ်ထာ(ရ်)ခေါ် ချင်းအမျိုးသားနှစ်သစ်ကူးပွဲနေ့ဟုခေါ်တွင် သတ်မှတ်ပေးရန်။ "ကွမ်ထာ(ရ်)"ဟုခေါ်တွင်ရခြင်းကြောင်းနှင့် ရည်ရွယ်ချက်များ၊ ချင်းဝိသေသတိုင်းတွင် နှစ်စဉ်နှစ်တိုင်းကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီး၍ကျေးရွာတိုင်းရှိ ချင်းအမျိုးသားများသည် စားသောက်ပြီးလျှင် ထုံးတမ်းစဉ်လာအရ ထိုနေ့ရက်များတွင် နှစ်သစ်ကူးပွဲအထိမ်းအမှတ်အဖြစ်ဖြင့် ဆင်ယင်ကျင်းပကြပါသည်။

(ခ) ဧပြီလ ၅ရက်နေ့မှ ၇ရက်နေ့အထိ ၃ရက်ကို (Khua Hrumdo)"ခရွမ်းဒိုး" ခေါ်နတ်များကို ပူဇော်ပသ၍ ဆုတောင်းပတ္တနာပြုလုပ်သည့်ပွဲနေ့ဟုခေါ်တွင်သတ်မှတ်ပေးရန် "ခရွမ်းဒိုး"ဟုခေါ်တွင်ရခြင်းကြောင်းရင်းနှင့်

Attachment – 4



ရည်ရွယ်ချက်မှာ ချင်းဝိသေသတိုင်းတွင် နှစ်စဉ်နှစ်တိုင်း ကောက်ပဲသီးနှံများစိုက်ပျိုးပြီး၍ သတ္တဝါအပေါင်းချမ်းသာကြောင်းနှင့် ဘေးအန္တရာယ်ခပ်သိမ်းမှကင်းရှင်းရန် ချင်းအမျိုးသားတို့ဓလေ့ထုံးစံအလျောက် နတ်များကိုပူဇော်ပသ၍ ဆုတောင်းပတ္တနာပြုပြီးလျှင် ထို့နေ့ရက်များတွင် ဆင်ယင်ကျင်းပကြပါသည်။

(ဂ) ဇူလိုင်လ ၁၆ရက်နေ့မှစ၍ ၁၇ရက်နေ့အထိ ၂ရက်ကို (Fang No Thawi) "ဖန်း(ဂ်)နိုးလွိုင်း"ဟု ခေါ်တွင်ရခြင်းအကြောင်းရင်းနှင့် ရည်ရွယ်ချက်မှာ ချင်းဝိသေသတိုင်းတွင် နှစ်စဉ်နှစ်တိုင်းစိုက်ပျိုးပြီးသော ကောက်ပဲသီးနှံအသစ်များကောင်းမွန်ထွားကျိုင်းသန်မာစေရန် ရည်စူး၍ ချင်းအမျိုးသားတို့ဓလေ့ထုံးစံအလျောက် ထို့နေ့များတွင် နတ်များကို ပူဇော်ပသခြင်းပြုလုပ်ကြပါသည်။

၂။ ။ထို့နောက် ဆပ်ဒိစတြိတ်နှင့် ဒိစကြိတ်ကောင်စီ နည်းဥပဒေများကို ဆက်လက်ဆွေးနွေးပြီးလျှင် အကြမ်းအားဖြင့်ရေးဆွဲ၍ အစည်းအဝေးကို နောက်တစ်နေ့နံနက် ၁၁နာရီအချိန်တွင် ဆက်လက်ကျင်းပရန် ရွှေ့ဆိုင်းလိုက်၍ အစည်းအဝေးပွဲကို ညနေ၃နာရီအချိန်တွင် ရုပ်သိမ်းလိုက်ပါကြောင်း။

**လျှင်ထုမ်း**
ချင်းရေးရာကောင်စီသဘာပတိ

-------------------------

**ချင်းရေးရာကောင်စီမှ ရွေးချယ်ခန့်ထားသည့်ကော်မတီအဖွဲ့၏**
**၁၉၄၉ခုနှစ်၊ မတ်လ ၁၈ရက်နေ့နံနက် ၁၁နာရီခွဲအချိန်တွင်**
**ကျင်းပပြုလုပ်သည့် အစည်းအဝေးမှတ်တမ်း**

အစည်းအဝေးကို ချင်းရေးရာကောင်စီ သဘာပတိရုံးခန်းတွင်ကျင်းပရာ အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ကြပါကြောင်း။

၁) ဦးဝမ်းသူးမောင်း၊ ချင်းရေးရာဝန်ကြီး။
၂) ကပ္ပတိန်မန်တုံးနုံး၊ ချင်းရေးရာပါလီမန်အတွင်းဝန်။
၃) ဦးဆာဝစ်၊ လက်ထောက်အတွင်းဝန်၊ ချင်းရေးရာဝန်ကြီးဌာန။
၄) ဦးလျှင်ထုမ်း၊ သဘာပတိ၊ ချင်းရေးရာကောင်စီ။

Attachment –

very citizen shall enjoy the right of equality, the right of liberty and the right justice, as prescribed in this Constitution.

o citizen shall be placed in custody for more than 24 hours without the ermission of a Court.

very citizen is responsible for public peace and tranquility and prevalence f law and order.

lecessary law shall be enacted to make citizens' freedoms, rights, benefits, esponsibilities and restrictions effective, steadfast and complete.

nion shall assist :

o develop language, literature, fine arts and culture of the National races;

o promote solidarity, mutual amity and respect and mutual assistance among he National races;

o promote socio-economic development including education, health, conomy, transport and communication, so forth, of less-developed National aces.

nion shall :

enact necessary laws to protect the rights of the peasants;

assist peasants to obtain equitable value of their agricultural produce.

Jnion shall enact necessary laws to protect the rights of workers.

Jnion shall assist to promote the interests of the intellectuals and intelligentsia.



၂၁။ (က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့် ရှိသည်၊

(ခ) တရားရုံး၏ ခွင့်ပြုချက်မရရှိက နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခွင့် မရှိစေရ၊

(ဂ) ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန် ဖြစ်သည်၊

(ဃ) နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေ ပြဋ္ဌာန်းရမည်။

၂၂။ နိုင်ငံတော်သည် -

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။

၂၃။ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ -

(က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊

(ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။

၂၄။ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။

၂၅။ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်။

Attachment-6

387. Every citizen, with the Union Spirit, has the duty to enhance unity among national races and to ensure public peace and stability.

388. Every citizen has the duty for the emergence of a modern developed Nation.

389. Every citizen has the duty to pay taxes to be levied according to the law.

390. Every citizen has the duty to assist the Union in carrying out the following matters:

(a) preservation and safeguarding of cultural heritage;
(b) environmental conservation;
(c) striving for development of human resources;
(d) protection and preservation of public property.



၃၈၇။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်း
အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာ
ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၃၈၈။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံ
တာဝန်ဖြစ်သည်။

၃၈၉။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကော
ပေးဆောင်ရန် တာဝန်ရှိသည်။

၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား
တာဝန်ရှိသည် -

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်
(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

Attachment 7

**6. Transport, Communication and Construction Sector**

(a) Ports, jetties and pontoons having the right to be managed by the Region or State;

(b) Roads and bridges having the right to be managed by the Region or State; and

(c) Systematic running of private vehicles within the Region or State.

**7. Social Sector**

(a) Matters on traditional medicine not contrary to traditional medicine policies prescribed by the Union;

(b) Social welfare works within the Region or State;

(c) Preventive and precautionary measures against fire and natural disasters;

(d) Stevedoring;

(e) Having the right of management by the Region or State, the following:

(i) preservation of cultural heritage;

(ii) museums and libraries.

(f) Theatres, cinemas and video houses; and

(g) Exhibitions such as photographs, paintings and sculptures.

**8. Management Sector**

(a) Development matters;

(b) Town and housing development; and

(c) Honorary certificates and awards.



**၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ငံ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံ

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး။

**၇။ လူမှုရေးကဏ္ဍ**

(က) ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါ မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းမျ

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် -

(၁) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊

(၂) ပြတိုက်နှင့်စာကြည့်တိုက်များ။

(စ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

(ဆ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။

**၈။ စီမံခန့်ခွဲရေးကဏ္ဍ**

(က) စည်ပင်သာယာရေး၊

(ခ) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ။

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

attachment - (8)



(စ) **တိုင်းရင်းသားရေးရာ** ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့်ကိစ္စရပ်များကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

3-C ✓ (ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

**အခန်း(၃)**

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ**

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်-

4-A ✓ (က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

attachment 9



4-C (ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏ စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေး လုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် မိမိတို့ ကိုယ်စားလှယ်များပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

## အခန်း(၄)

## ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က) ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်ကို ရွေးချယ်၍ ယင်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

## အခန်း(၅)

## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

9-C (ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာ နှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကိုဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ် ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည် လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြားပြည်ထောင်စု ဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။